# “တော်ပါသေးရဲ့”




## အမှာစာ


ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံတွေ့ရလေ့ရှိတဲ့အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဇာတ်လမ်းဖြစ်အောင် ပြုစုထားပါတယ်။ ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကိုဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လည်း မေတ္တာရပ်ခံပါတယ်။

လူငယ်များ ဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဇာတ်လမ်းကိုသေသေချာချာဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာ ပြန်လည်ပြီးလက်တွေ့အသုံးပြုပါ။


အခက်အခဲပြဿနာတွေကို လူငယ်တို့ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ်အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။


စီးပွားရေး အဆင်မပြေတဲ့ ကိုကိုဟာ .. မိန်းမရဲ့
ပူညံပူညံ လုပ်မှုကြောင့် နေ့တိုင်းစိတ်ညစ်နေရတယ်။


ရှင်ဒီထက်ငွေပိုရမယ့်အလုပ်
ရှာဖို့ စိတ်မကူးတော့ဘူးလား။
ကျုပ်ဒီထက်ပို ပြီး
သည်းမခံနိုင်တော့ဘူးနော်။
“အရေး ထဲ မင်းကလည်း
တစ်မျိုး နားပူလိုက်တာ၊ နယ်စပ်မှာ
ငါ အလုပ်သွားလုပ်တော့မှာ၊
အကုန်စီစဉ်ပြီးပြီ”


ဒီလိုနဲ့ နယ်စပ်ကို ရောက်ခဲ့တဲ့ကိုကိုဟာ ငွေရှာနိုင်
ပေမယ့် မိသားစုနဲ့ ဝေးနေရတာကြောင့် မပျော်ဘူး။
သူငယ်ချင်းကလည်း ပျော်စရာတွေပေါတဲ့နေရာတွေ
သွားဖို့ခေါ်နေတယ်၊ လိုက်သွားရင် ကောင်းမလားလို့
စဉ်းစားပြီးဆုံးဖြတ်ရခက်နေတယ်။
နောက်ဆုံးတော့ ....
“ငါ လိုက်ခဲ့မယ်ကွာ”


အပျော်တွေများလာတော့ ကိုကိုရဲ့လိင်အင်္ဂါက ပြည်လို အရည်တွေ ထွက်လာတယ်။ ဆီးလည်း ပူတယ်။ ဒီအကြောင်း သူငယ်ချင်းကို ပြောပြတဲ့အခါ . .
"လွယ်ပါတယ်ကွာ၊ သဘာဝဆေးမြစ် ရေနွေးကြမ်း သောက် လိုက်ရင် ပျောက် ပါတယ်"
အကြံပြုတဲ့အတိုင်း သောက်လိုက်တော့ . . . မကြာခင်မှာပဲ အဲဒီရောဂါလက္ခဏာတွေ ပျောက်သွားတယ်။


“ဟော့ကောင်ဘယ်လိုလဲ အဆင်ပြေရဲ့လား”
“အေး၊ မဆိုးဘူး ပျောက်သွားတယ်”
တစ်နေ့တော့ အကြံပေးတဲ့ သူငယ်ချင်းက
“ဒုက္ခပဲကွာ၊ ငါလည်း မင်းလိုပဲ ဟိုအရည်တွေ ထွက်နေတယ်ကွ၊ ဆီးသွားတော့လည်း အရမ်းနာတာပဲ”


“အင်း ဒါဆို သူပြောခဲ့တာတွေက မှန်ပုံ့မလား၊ ဆရာဝန်ဆီ သွားပြတာကောင်းမယ်”
ဆရာဝန်ဆီရောက်တဲ့အခါ အဖြစ်အပျက်အလုံးစုံကို ပြောပြလိုက်တယ်။
“မင်း ကံကောင်းတယ်၊ မင်းတို့ နှစ်ယောက်ဖြစ်တာတွေက လိင်ဆက်ဆံရာကနေကူးတဲ့ ရောဂါ လက္ခဏာတွေပဲ၊ဒီရောဂါမျိုးက ဆေးမြီးတိုနဲ့ကုရင် ခဏပဲ သက်သာတယ်၊ ရောဂါ အမြစ်မပြတ်တော့ ပြန်ဖြစ်မှာပဲ”


“သေချာမကုရင် သားသမီး မရနိုင်ရုံသာမက နောက်ဆုံး သေဆုံးတဲ့အထိ ဖြစ်နိုင်တယ်၊ ကိုယ့်ကြောင့် အိမ်ထောင်ဖက်ကို ကူးစက်ခံရနိုင်ပြီး ကလေးမရနိုင်တာ၊ ကလေး အသေမွေးတာ၊ ပျက်ကျ တာတွေဖြစ်နိုင်တယ်၊ မိခင်ကနေ သန္ဓေသားကိုလည်း ကူးသွားနိုင်တယ်။”
“ဒါကြောင့် လင်ဖြစ်ရင် မယားကိုပါ ဆေးစစ်ရမယ်၊ ပြီးတော့ ဒီကာလသား ရောဂါဖြစ်ရင် အေအိုင်ဒီအက်စ်လည်း ဖြစ်နိုင်တယ်။ အခုလို ဆေး ကုလိုက်တော့ ဒါတွေမဖြစ် တော့ဘူးပေါ့”


"တော်ပါသေးရဲ့
ဆရာဝန်ဆီ အချိန်မီ မရောက်ခဲ့ရင်
ငါသာမက ငါ့မိသားစုပါ ဒုက္ခ
ရောက်တော့မလို့၊ ဒီနေ့ကစပြီး
ဆရာပေးတဲ့ ဆေးကို မှန်မှန်သောက်မယ်၊
ငါ့သူငယ်ချင်းကိုလည်း ဒီအကြောင်းတွေ
ပြန်ပြောမယ်၊ ငါလည်း နောက်ထပ်
ဒီလိုမဖြစ်အောင် ဆင်ခြင်
နေတော့မယ်"

## တော်ပါသေးရဲ့

၁။ လိင်ဆက်ဆံရာကတစ်ဆင့် ကူးစက်တဲ့ ရောဂါရဲ့လက္ခဏာတွေက ဘာတွေလဲ။

၂။ အဲဒီရောဂါကို ဆေးမြီးတိုနဲ့ကုရင် ဘာတွေဖြစ်မလဲ။

၃။ ဆေးမကုဘဲထားရင် ဘာတွေဖြစ်မလဲ။

၄။ လိင်ဆက်ဆံရာကနေ ရောဂါမကူးအောင် သင်ဘယ်လိုကာကွယ်မလဲ။

## ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည် လူငယ်များအတွက် ဘ၀တွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့နှင့် UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြု ကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်းအစီအစဉ်(EXCEL) တွင်ပါဝင်သော ကလေးများကိုယ်တိုင်ပါဝင်ပြီး Mr. Greg Carl (ဘ၀တွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ် အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပ မူလတန်းပညာရေးစသည်တို့မှ ပံ့ပိုးကူညီမှုဖြင့်ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်နိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မခိုင်သဇင်မိုး(ကော့မှူး)၊ နန့်ဥမ္မာထွေး(မြောင်းမြ)၊ နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ



သရုပ်ဖော်ပန်းချီ - ဆရာ ရဲရင့်နိုင်

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UK aid from the British people
unicef unite for children